# ၁၉၅၇ ခုနှစ်၊ နိုင်ငံတော် ရာထမ်းမှုထမ်းများ ကြွေးမြီသက်သာရေး အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၉။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အမည်တိုနှင့်စတင်အာဏာတည်သည့်နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၇ ခုနှစ်၊နိုင်ငံတော်ရာထမ်းမှုထမ်းများ ကြွေးမြီသက်သာရေး အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော် သမတ က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်များ။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''ရာထမ်းမှုထမ်း'' ဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ လက်အောက်၌ဖြစ်စေ၊ ပြည်နယ်အစိုးရ လက်အောက်၌ဖြစ်စေ၊ လစာဖြင့် အမှုထမ်းရွက်သူကို ဆိုလိုသည်။ ထို စကားရပ်တွင် ဒေသန္တရ အာဏာပိုင် လက်အောက်၌ဖြစ်စေ၊ တရားဥပဒေဖြင့် သော်၎င်း၊ အစိုးရအမိန့်ဖြင့်သော်၎င်း၊ ဖွဲ့စည်းထားသည့် အဖွဲ့ လက်အောက်တွင်ဖြစ်စေ၊ လစာဖြင့် အမှုထမ်းရွက်သူလည်း ပါဝင်သည်။

(ခ) ''အဖွဲ့'' ဆိုသည်မှာ ဤအက်ဥပဒေအရ ဖွဲ့စည်းသည့် ကြွေးမြီ ဆုံးဖြတ်ရေးအဖွဲ့ကိုဆိုလိုသည်။

(ဂ) ''မြီရှင်'' ဆိုသည်မှာ ရာထမ်းမှုထမ်းတဦးဦးထံမှကြွေးမြီရရန်ရှိ သူကိုဆိုလိုသည်။

(ဃ) ''ကြွေးမြီ'' ဆိုသည်မှာ အာမခံရှိသည့်ဖြစ်စေ၊ မရှိဘဲဖြစ်စေ၊ အတိုးနှင့် ငွေချေးယူသည့်အတွက် ထင်ရှိသောကြွေးမြီကိုဆိုလို သည်။ ထိုစကားရပ်တွင် ပေးရန်အချိန်ကျရောက်သည်ဖြစ်စေ၊ မကျရောက်သည်ဖြစ်စေ၊ တရာမရုံး၏ဒီကရီ၊ သို့တည်းမဟုတ် အမိန့်အရ ပေးရမည့် ငွေလည်းပါဝင်သည်။ သို့သော်လည်း ထိုစကားရပ်တွင် အစိုးရထံမှသော်၎င်း၊ အစိုးရအပေါင်ဆိုင်မှ သော်၎င်း၊ ဒေသန္တရအာဏာပိုင်ထံမှသော်၎င်း၊ သမဝါယမငွေစု ငွေချေးအသင်းမှသော်၎င်း၊ အသက်အာမခံကုမ္ပဏီမှသော်၎င်း၊ တရားဥပဒေအရ၊ သို့တည်းမဟုတ်အစိုးရအမိန့်အရဖွဲ့စည်းထား သည့်အဖွဲ့မှသော်၎င်း၊ ချေးယူသည့်ကြွေးမြီမပါဝင်ချေ။

(င) ''မြီစား ''ဆိုသည်မှာ ကြွေးမြီကျပ် ငါးဆယ်ထက်ပို၍ပေးဆပ်ရန် တာဝန်ရှိသောရာထမ်းမှုထမ်း တဦးဦးကို ဆိုလိုသည်။

(စ) ကြွေးမြီနှင့်စပ်လျဉ်း၍ ''ငွေရင်း'' ဆိုသည်မှာ ဖြစ်စားအားအမှန်စင်စစ်ထုတ်ချေးသည့်ငွေကို၊ သို့တည်းမဟုတ် ပစ္စည်းတန်ဘိုးကိုဆိုလိုသည်။

(ဆ) ''အတိုး''ဆိုသည်မှာ အတိုးနှုန်းကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်၌ အတိုးအဖြစ်ဖြင့်သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ တင်ထားသည်လည်းဖြစ်၍၊ သို့တည်းမဟုတ် တောင်းခံရန်ရှိသည်လည်းဖြစ်၍ ထုတ်ချေးသည့်ငွေရင်းအပြင်၊ ငွေအဖြစ်ဖြင့်ဖြစ်စေ၊ ပစ္စည်းအဖြစ်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ပြန်ဆပ်ရမည်လည်းဖြစ်သောအရာလည်းပါဝင်သည်။

(ဇ) ''အာမခံရှိသောကြွေးမြီ'' ဆိုသည်မှာရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မည်သည့်ပစ္စည်းကိုမဆို အပေါင်ထား၍သော်၎င်း၊ ထိုပစ္စည်းပေါ်တွင် ရထိုက်ခွင့်၊ သို့တည်းမဟုတ် ဆိုင်ရာ ဆိုင်ခွင့်တင်ရှိစေလျက်သော်၎င်း၊ အာမခံပြုထားသည့်ကြွေးမြီကိုဆိုလိုသည်။

(ဈ) ''အာမခံမရှိသောကြွေးမြီ'' ဆိုသည်မှာအာမခံရှိသောကြွေးမြီမှတပါး အခြားမည်သည့် ကြွေးမြီကိုမဆို ဆိုလိုသည်။

(ည) ''ပြဋ္ဌာန်းထားသည်''ဆိုသည်မှာဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည်ကိုဆိုလိုသည်။

ကြွေးမြီဆုံးဖြတ်ရေး အဖွဲ့ ဖွဲ့စည်းခြင်း။

၃။ ။(၁) နိုင်ငံတော် သမတသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခရိုင်တခုအတွင်းရှိ၊ သို့တည်းမဟုတ် ခရိုင်တစိတ်တဒေသအတွင်းရှိ၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်လက်အောက်ရှိ၊ သို့တည်းမဟုတ် တရားဥပဒေဖြင့်သော်၎င်း၊ အစိုးရအမိန့်ဖြင့်သော်၎င်း၊ ဖွဲ့စည်းထားသည့်အဖွဲ့တခုခု လက်အောက်ရှိရာထမ်းမှုထမ်းများအတွက် ကြွေးမြီဆုံးဖြတ်ရေးအဖွဲ့တခု ဖွဲ့စည်းနိုင်သည်။ ထိုအဖွဲ့တွင် ဥက္ကဋ္ဌအပါအဝင်ဖြစ်သည့်အဖွဲ့ဝင် သုံးဦးထက်မနည်း ငါးဦးထက်မများပါဝင်စေရမည်။ အစိုးရဌာနတခု၏၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်၏၊ သို့တည်းမဟုတ် တရားဥပဒေဖြင့်သော်၎င်း၊ အစိုးရအမိန့်ဖြင့်သော်၎င်း၊ ဖွဲ့စည်းထားသည့်အဖွဲ့၏ဆိုင်ရာ အကြီးအမှူးကို၊ သို့တည်းမဟုတ် အခြားအရာရှိ တဦးဦးကို၊ အဖွဲ့အသီးသီး၏ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမတက ခန့်ထားရမည်။

(၂) ဥက္ကဋ္ဌ၏၊ သို့တည်းမဟုတ် အဖွဲ့ဝင်တဦး၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမတက ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။ ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် အဖွဲ့ဝင်တဦးသည် ဥက္ကဋ္ဌအဖြစ်ဖြင့်၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်ဖြင့် ဆက်လက်ဆောင်ရွက်ရန်မသင့်ဟု နိုင်ငံတော်သမတကယူဆသည့်အခါ၊ ထိုဥက္ကဋ္ဌကို၊ သို့တည်းမဟုတ် ထိုအဖွဲ့ဝင်ကို နိုင်ငံတော်သမတက ရာထူးမှ ဖယ်ရှားနိုင်ရမည်။

(၃) အဖွဲ့အစည်းအဝေး အထမြောက်ရန် လိုအပ်သည့်အဖွဲ့ဝင်ဦးရေသည် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ရမည်။

(၄) အဖွဲ့ဝင်များအချင်းချင်း သဘောကွဲလွဲသည့်အခါ အဖွဲ့ဝင်များရာ၏ ထင်မြင်ယူဆချက်အတိုင်းဆုံးဖြတ်ရမည်။ သဘောကွဲလွဲသည့်အဖွဲ့ဝင်ဦးရေတူညီနေလျှင် ဥက္ကဋ္ဌသည် အနိုင်မဲပေးနိုင်သည်။

(၅) မည်သည့်အချိန်အခါမဆို အဖွဲ့ဥက္ကဋ္ဌသည်မိမိ၏အလုပ်ဝတ်တရားများကို အခိုက်အတန့်အားဖြင့် မဆောင်ရွက်နိုင်လျှင် မိမိမရှိသည့်အခိုက်အတန့်အတွင်း၊ မိမိကိုယ်စားဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ဝင်တဦးဦးကို ခန့်ထားနိုင်သည်။ ထိုအဖွဲ့ဝင်သည် ထိုသို့ဆောင်ရွက်နေစဉ် ဥက္ကဋ္ဌ၏အခွင့်အာဏာများ ရရှိစေရမည်။

မြေစားနှင့် မြေရှင်များ စပ်ကြား ကြွေးမြီကို ဆုံးဖြတ်ပေးရန် လျှောက်လွှာ။

၄။ ။မြေစားသည် သက်ဆိုင်ရာအဖွဲ့ထံ မိမိ၏မြေရှင်၊ သို့တည်းမဟုတ် မြေရှင်များအား မိမိကပေးဆပ်ရန်ရှိသည့် ကြွေးမြီကိုလျှော့ချသတ်မှတ်ပေးရန် လျှောက်ထားနိုင်သည်။

သို့ရာတွင် မြေစား၏ ကြွေးမြီများမှာ၊ ၎င်း၏ ၂ နှစ်အတွက်ရရှိသည့်လစာနှင့်စရိတ်ကြေးငွေထက်ပိုလျှင်လျှောက်လွှာကိုဝယ်ရမည်။

လျှောက်လွှာ မှန်ကြောင်း ဝန်ခံချက်။

၅။ ။(၁) အဖွဲ့သို့တင်သွင်းသည့် လျှောက်လွှာအသီးသီးကို စာဖြင့်ရေးသားတင်သွင်း၍ အဆိုလွှာများကို လက်မှတ်ရေးထိုးပြီး မှန်ကြောင်း ဝန်ခံရန်အတွက် တရားမကျင့်ထုံးဥပဒေက ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း လက်မှတ်ရေးထိုး၍မှန်ကြောင်းဝန်ခံရမည်။

(၂) မည်သူမဆို ပုဒ်မခွဲ (၁) တွင်ဖြစ်စေ၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (၂) တွင်ဖြစ်စေ၊ ဖေါ်ပြထားသည့် မှန်ကြောင်းဝန်ခံချက်၌ မဟုတ်မမှန်သည့် ထွက်ဆိုချက်တခုခုကိုပြုလုပ်ရာ၊ ထိုထွက်ဆိုချက်ကိုမဟုတ်မမှန်ကြောင်း မိမိသိရှိ၊ သို့တည်းမဟုတ် ယုံကြည်လျက်နှင့်ဖြစ်စေ၊ ဟုတ်မှန်သည်ဟု မယုံကြည်ဘဲနှင့်ဖြစ်စေ၊ ပြုလုပ်လျှင်၊ ထိုသူသည် ရာဇသတ်ကြီးပုဒ်မ ၁၇၇ အရပြစ်မှုကျူးလွန်သည်ဟုမှတ်ယူရမည်။

လျှောက်လွှာတွင် ဖေါ်ပြရမည့် အကြောင်းအရာများ။

၆။ ။မြေစားကအဖွဲ့သို့တင်သွင်းမည့် လျှောက်လွှာအသီးသီးတွင် အောက်ပါအကြောင်းအရာများပါရှိစေရမည်။

(က) မိမိအပေါ် ကြွေးမြီတင်ရှိကြောင်းဖေါ်ပြချက်။

(ခ) မိမိ၏အမည်၊ အသက်၊ ရာထူး၊ ရာထူးသက်တမ်း၊ ရာထူးမြောင်းလဲလာပုံ၊ အမှုထမ်းလျက်ရှိသည့်ရုံး၊သို့တည်းမဟုတ် အဖွဲ့နှင့် မိမိနေထိုင်ရာအရပ်၊'

(ဂ) မိမိအပေါ် တောင်းဆိုချက်အရပ်ရပ်၏ ကျသင့်ငွေပေါင်းနှင့် အကြောင်းအရာများ၊ ထို့ပြင် မိမိမြေရှင်တို့၏ အမည်များနှင့် နေရာများကိုလည်း မိမိသိရှိသမျှ၊ သို့တည်းမဟုတ် ထိုက်သည့်အားလျော်စွာ ဂရုပြုလို့လစိုက်ထုတ်၍ စုံစမ်းသိရှိနိုင်သမျှ ဖေါ်ပြပါရှိစေရမည်။

(ဃ) မိမိရရှိနေသော လစာနှင့် မိမိနှင့်မိမိခင်ပွန်းပိုင် ပစ္စည်းအရပ်ရပ်နှင့် သင့်ငွေပေါင်း၊ အကြောင်းအရာများပါရှိစေရမည့်ပြင် မိမိရရန်ရှိသည့်ကြေးငွေစသည် အားလုံးလည်းပါရှိစေရမည်။ ထို့ပြင်ငွေမှတပါး အခြားပစ္စည်း၏တန်ဘိုးသီးခြားဖေါ်ပြချက်၊ ထိုပစ္စည်းကို တွေ့ရှိနိုင်သည့်နေရာ၊ သို့တည်းမဟုတ် နေရာများမှစ၍ ထိုပစ္စည်း

အပေါ်တင်ရှိနေသည့်အပေါင်၊ သို့တည်းမဟုတ် ဆိုင်ရာဆိုင်ခွင့်၊ သို့တည်းမဟုတ် ရထိုက်ခွင့် အကြောင်းအရာများကိုလည်း အစုံအလင်ဖော်ပြရမည်။ ထို့ပြင်

(င) မိမိ၏ ကြွေးမြီအားလုံးနှင့် ပစ္စည်းအရပ်ရပ်ကို လျှောက်လွှာတွင် ထည့်သွင်းဖော်ပြပြီးဖြစ်ကြောင်းနှင့် မိမိကြွေးမြီအားလုံးမှာ မိမိ ၂ နှစ်အတွက်ရရှိသည့်လစာနှင့်စရိတ်ကြေးငွေထက် မပိုကြောင်း ထုတ်ဖော်ဝန်ခံချက်။

လျှောက်လွှာကို ပြန်ပေးခြင်း။

၇။ ။လျှောက်လွှာသည် ပုဒ်မ ၅ နှင့် ၆ ပါပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်၊ ထိုလျှောက်လွှာကို ပြင်ရန်အတွက် လျှောက်ထားသူအားပြန်ပေးရမည်။ လျှောက်လွှာကိုပြင်ရန် ပျက်ကွက်လျှင်၊ ထိုလျှောက်လွှာကိုပယ်ချရမည်။

ဤပုဒ်မအရ လျှောက်လွှာကိုပယ်ချခြင်းသည် လျှောက်ထားသူက လျှောက်လွှာအသစ်တင်သွင်းခြင်းကို မတားမြစ်စေရ။

လျှောက်လွှာကိုပလပ်ခြင်း။

၈။ ။ဤအက်ဥပဒေအရ ကြွေးမြီလျှော့ချသတ်မှတ်ရန် မှုခင်းတခုမပြီးမီ မည်သည့်အခြေ၌မဆို—

(က) အကြောင်းတမျိုးမျိုးကြောင့် (ထိုအကြောင်းကိုစာဖြင့်ရေးမှတ်ရမည်) ကြွေးမြီများလျှော့ချသတ်မှတ်ရန်မလိုအပ်ဟူ၍သော်၎င်း၊ မဖြစ်နိုင်ဟူ၍သော်၎င်း၊ အဖွဲ့ကယူဆလျှင်၊

(ခ) လျှောက်ထားသူလည်း မိမိ၏လျှောက်လွှာကို ထိုက်သင့်သောလုံ့လနှင့် အဇ္ဈတ္တရိုက်အရေးမယူ ပျက်ကွက်သည်ဟု အဖွဲ့ကထင်မြင်လျှင်၊ သို့တည်းမဟုတ်

(ဂ) လျှောက်လွှာတွင် တောင်းဆိုချက် တခုခုသည် မြီရှင်တဦးတယောက်အား လိမ်လည်လှည့်ဖြား၍ မတရားသဖြင့် ဆုံးရှုံးစေရန် ကြံရွယ်၍ဟင်သွင်းသည့် တောင်းဆိုချက်ဖြစ်သည်ဟု အဖွဲ့ကထင်မြင်လျှင်

အဖွဲ့သည် ပုဒ်မ ၄ အရတင်သွင်းသည့်လျှောက်လွှာကိုပလပ်နိုင်သည်။

လျှောက်လွှာ တင်သွင်းသည့်အခါ လိုက်နာရမည့် နည်းလမ်းနှင့်မြီရှင်တို့အား ကြွေးမြီစာရင်း တင်သွင်းရန်ဆင့်ဆိုသည့် နို့တစ်စာ။

၉။ ။(၁) ပုဒ်မ ၄ အရ တင်သွင်းသည့်လျှောက်လွှာကိုရရှိသည့်အခါ၊ အဖွဲ့သည် ထိုလျှောက်လွှာကို ပုဒ်မ ၇ အရမပယ်ချလျှင် မြီစားကို စစ်ဆေးရမည်။ ထို့ပြင်မြီစား၏ကြွေးမြီကိုလျှော့ချ သတ်မှတ်ရန် လိုအပ်သည်ဟု အဖွဲ့ကထင်မြင်လျှင် လျှောက်လွှာကြားနာရန်အတွက် နေ့ရက်နှင့်နေရာကို သတ်မှတ်သည့်အမိန့်ချမှတ်ရမည်။

(၂) အဖွဲ့သည် မြီစား၏မြီရှင်အသီးသီးအား ထိုမြီစားက မြီရှင်အားပေးရန်ရှိသည့် ကြွေးမြီစာရင်းကို တင်သွင်းရန် ချိန်းဆိုသည့် နို့တစ်စာထုတ်၍ ထိုနို့တစ်စာကို ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ထုတ်ဆင့်ချအပ်၊ သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရမည်။ ထိုစာရင်းကို စာဖြင့် ရေးသား၍ နို့တစ်စာ

ထုတ်ဆင့်ချအပ်သည့်၊ သို့တည်းမဟုတ် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ တလအတွင်း အဖွဲ့ထံ တင်သွင်းရမည့်အပြင်၊ အဆိုလွှာများ လက်မှတ်ရေးထိုး၍ မှန်ကြောင်း ဝန်ခံရန်အတွက်၊ တရားမကျင့်ထုံးဥပဒေက ပြဋ္ဌာန်းသည့် နည်းလမ်းအတိုင်း လက်မှတ်ရေးထိုး၍ မှန်ကြောင်း ဝန်ခံရမည်။

ခြွင်းချက်။ ။သို့ရာတွင် မြို့ရှင်တဦးဦးသည် ကောင်းမွန် လုံလောက်သော အကြောင်းကြောင့် ထိုဆင့်ဆိုချက်များအတိုင်း မလိုက်နာနိုင်ကြောင်းအဖွဲ့က ကျေနပ်လျှင်၊ ထိုမြို့ရှင်ရရန်ရှိသည့် ကြွေးမြီ စာရင်းတင်သွင်းရမည့် ကာလ အပိုင်းအခြားကို အဖွဲ့က တိုးမြှင့်ပေးနိုင်သည်။

(၃) ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းတင်သွင်းရန် ပျက်ကွက်သည့် ကြွေးမြီအသီးသီးကို မည်သည့်ကိစ္စအတွက်မဆို နည်းလမ်းတကျပေးဆပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ ။သို့ရာတွင် မြို့ရှင်က မိမိအား နို့တစ်စာထုတ်ဆင့်ချအပ်ခြင်း မရှိကြောင်း၊ သို့တည်းမဟုတ် နို့တစ်စာ ထုတ်ပြန်ကြေညာသည်ကို မိမိ မသိရကြောင်း၊ သို့တည်းမဟုတ် အခြားလုံလောက်သော အကြောင်းတခုခုကြောင့် ၎င်းကို မိမိ မတင်သွင်းနိုင်ခဲ့ကြောင်း အဖွဲ့ကျေနပ်လောက်အောင် သက်သေ ထင်ရှားပြသနိုင်လျှင် အဖွဲ့သည် ထိုကြွေးမြီကို ပြန်၍ ဖေါ်နိုင်သည်။

ကြွေး မြီ စာ ရင်း တင်သွင်းသည့်အခါ လိုက်နာရမည့် နည်းလမ်း၊

၁၀။ ။(၁) ပုဒ်မ ၉၊ ပုဒ်မခွဲ (၂) အရ ထုတ်ဆင့်ချအပ်သည့်၊ သို့တည်းမဟုတ် ထုတ်ပြန်ကြေညာသည့် နို့တစ်စာအရ ရရန်ရှိသော ကြွေးမြီစာရင်း တင်သွင်းသူ အသီးသီး၏ အကြောင်းအရာ အပြည့်အစုံကို အဆိုပါ စာရင်းနှင့် တပါတည်း တင်သွင်းရမည့်အပြင်၊ မိမိတောင်းဆိုချက်များ၏ အထောက်အထားအဖြစ် မိမိကိုးကားသော စာချုပ်စာတမ်းအားလုံးနှင့်ငွေစာရင်းများတွင် ရေးသွင်းချက်အားလုံးကိုလည်း၊ ထိုစာချုပ်စာတမ်းအသီးသီး၏မိတ္တူမှန်နှင့်တကွ တချိန်တည်းတင်ပြရမည်။

(၂) အဖွဲ့သည် မိမိသို့တင်ပြသည့် စာချုပ်စာတမ်းမူရင်းအသီးသီးကို ခွဲခြားသိသာရန်အလို့ငှါ မှတ်သားပြီးလျှင်၊ မိတ္တူအသီးသီးကိုလည်း မှန် မမှန် ကြည့်ရှုစစ်ဆေးပြီးနောက်၊ ထိုမိတ္တူကိုယူထား၍ မူရင်းကို မြို့ရှင်ထံပြန်ပေးရမည့်။

(၃) မြို့ရှင် လက်ရှိ ဖြစ်သည့်၊ သို့တည်းမဟုတ် ကြီးကြပ်စီမံခန့်ခွဲနိုင်သည့် စာချုပ်စာတမ်းတခုခုကို ပုဒ်မခွဲ (၁) အရ လိုအပ်သည့်အတိုင်း မြို့ရှင်က မတင်ပြလျှင်၊ ထိုမြို့ရှင်ကဖြစ်စေ၊ ထိုမြို့ရှင်ထံမှ အကျိုးဆက်ခံလျက် တောင်းဆိုသူတဦးဦးက ဖြစ်စေ၊ ကြွေးမြီပြန်ရလိုကြောင်း တရားစွဲသည့်အမှုတွင်၊ ထိုစာချုပ်စာတမ်းကို မြို့စားနှင့်ဆန့်ကျင်သည့် သက်သေခံအဖြစ် လက်ခံနိုင်ခွင့်မရှိစေရ။

ခြွင်းချက်။ ။သို့ရာတွင် အဖွဲ့သည်၊ သို့တည်းမဟုတ် တရားရုံးသည် မိမိစစ်ဆေးဆဲ အမှုအခင်းတခုခုတွင် လုံလောက်သော အကြောင်းများကြောင့်၊ ထိုစာချုပ်စာတမ်းတင်ပြရန် ပျက်ကွက်ခြင်းကို၊ သို့တည်းမဟုတ် နှောင့်နှေးကြန့်ကြာခြင်းကို ခွင့်လွှတ်နိုင်သည့်ပြင်၊ ထိုစာချုပ်စာတမ်းတင်ပြရန်အတွက် သင့်လျော်သောအချိန်ကိုလည်း ခွင့်ပြုနိုင်သည်။

အဖွဲ့က ကြွေးမြီ လျှော့ချသတ်မှတ်ခြင်း။

၁၁။ ။(၁) အဖွဲ့သည်မြီစားနှင့်မြီရှင်အသီးသီးအား ကြွေးမြီအသီးသီးနှင့် စပ်လျဉ်း၍ မိမိ၏အမှုအကြောင်းအရာကို ရှင်းလင်းဖော်ပြရန် ခေါ်ရမည့်ပြင်၊ ကြွေးမြီကို ပုဒ်မ ၁၃ နှင့် ၁၄ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လျှော့ချသတ်မှတ်ရမည်။

(၂) မြီရှင်တဦးဦးသည် ကြွေးမြီရရန်ရှိသည် မရှိသည်၊ သို့တည်းမဟုတ် ထိုကြွေးမြီ မည်ရွေ့ မည်မျှဖြစ်သည်ဟူသော အကြောင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ မြီစားတဦးဦးနှင့် ထိုမြီစား၏ခင်ပွန်းပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အငြင်းပွါးလျှင်၊ အဖွဲ့သည် ဆိုင်ရာအမှုသည်အားလုံးက တင်ပြသည့် သက်သေခံချက်ကို ယူပြီးနောက်၊ ထိုကိစ္စကို ဆုံးဖြတ်နိုင်သည်။ ထို့ပြင် ထိုဆုံးဖြတ်ချက်သည် အဖွဲ့ရှေ့စစ်ဆေးသည့် မှုခင်း အရပ်ရပ်တွင် အမှုသည် အားလုံးတို့အပေါ်၌ အတည်ဖြစ်ရမည်။

သို့ရာတွင် ကြွေးမြီတရပ်ရပ်နှင့်စပ်လျဉ်း၍ တရားမရုံးကချမှတ်သည့် ဒီကရီသည် ပုဒ်မ ၁၃ နှင့် ၁၄ ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ထိုကြွေးမြီတင်ရှိကြောင်း မည်ရွေ့မည်မျှဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ မုချထင်ရှားသည့်သက်သေခံဖြစ်စေရမည်။

(၃) အဖွဲ့သည် မြီရှင်များ၊ မြီစားများနှင့် ထိုမြီစားများ၏ ခင်ပွန်းများ၏ ပစ္စည်းများနှင့်ကြွေးမြီတာဝန်များကိုရင်း စာရင်းတွင် အပြည့်အစုံကို ရေးသားရမည်။

အဖွဲ့အား အပ်နှင်းသော တရားရုံး၏အာဏာများ။

၁၂။ ။အဖွဲ့သည် အောက်ပါ ကိစ္စများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအရ၊ တရားရုံးသို့ အပ်နှင်းထားသည့်အာဏာများ ရှိရမည်။

(က) ရှာဖွေခြင်းနှင့်စစ်ဆေးခြင်း။

(ခ) အဖွဲ့သို့တက်ရောက်ရန် သက်သေများကို ဆင့်ဆိုခြင်းနှင့် တရားစရိတ်များကို ပေးသွင်းထားစေခြင်း။

(ဂ) စာချုပ်စာတမ်းများကိုထုတ်ဖော်ဟင်ပြအောင်ပြုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာကျိန်စေ၍စစ်ဆေးခြင်း။

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကိုစစ်ဆေးရန် အာဏာလွှဲအမိန့်များကိုထုတ်ခြင်း။

ထို့ပြင် အဖွဲ့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (၂)၊ ၄၈၀ နှင့် ၄၈၂ တို့၏ အဓိပ္ပါယ်အရ၊ တရားမရုံးဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်မတိုင်မီ တင်ရှိသော ကြွေးမြီများ အတွက် ပြဋ္ဌာန်းချက်။

၁၃။ ။၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မတိုင်မီ တင်ရှိသောကြွေးမြီများကို အဖွဲ့က အောက်ပါနည်းလမ်းအတိုင်းလျှော့ချသတ်မှတ်ရမည်။

(က) မြီစားတဦးဦးက မြီရှင်တဦးဦးအား၊ သို့တည်းမဟုတ် မြီရှင် များအား၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တိုင်အောင် မပေးဆပ်ရသေးဘဲ ကျန်ရှိနေသည့် အတိုးအားလုံးကို တရားဥပဒေ၊

သို့တည်းမဟုတ် ထုံးစံမလေ့၊ သို့တည်းမဟုတ် ပဋိညာဉ်စာချုပ်အရ၊ ပေးရမည်ဖြစ်စေ၊ တရားရုံး၏ဒီကရီအရ ပေးရမည်ဖြစ်စေ၊ ကြွေးမြီသည်၊ သို့တည်းမဟုတ် အခြားတာဝန်သည် ဒီကရီအဖြစ်သို့ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ ထိုအတိုးအားလုံးကို အပြေပေးဆပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင်ငွေရင်းကို၊ သို့တည်းမဟုတ် ထိုငွေရင်းအနက်၊ မပေးဆပ်ရသေးဘဲကျန်ရှိနေသည့်အချို့အဝက်ကိုသာ မြီစားက ထိုနေ့ရက်တွင် ပြန်၍ပေးဆပ်ရမည့်ငွေဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) မြီစားတဦးဦးသည် မြီရှင်တဦးဦးအား ငွေရင်းအဖြစ်ဖြင့် သော်၎င်း၊ အတိုးအဖြစ်ဖြင့်သော်၎င်း၊ အတိုးအရင်း နှစ်ရပ်လုံး အဖြစ်ဖြင့် သော်၎င်း၊ ငွေရင်း၏နှစ်ဆနှင့်ညီမျှသော ငွေကို ပေးဆပ်ပြီးဖြစ်လျှင် ထိုကြွေးမြီကို ငွေရင်းပါ အပြေ ပေးဆပ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ငွေရင်းအဖြစ်ဖြင့်သော်၎င်း၊ အတိုးအဖြစ်ဖြင့် သော်၎င်း၊ အတိုးအရင်းနှစ်ရပ်လုံးအဖြစ်ဖြင့်သော်၎င်း၊ ပေးဆပ်ပြီးသော ငွေများသည် ငွေရင်း၏နှစ်ဆထက်လျော့နေလျှင်၊ ထိုသို့လျော့နေသော ငွေကိုသာဖြစ်စေ၊ ငွေရင်းကို၊ သို့တည်းမဟုတ် ငွေရင်းအနက် မပေးဆပ်ရသေးဘဲကျန်ရှိနေသည့် အချို့အဝက်ကိုသာဖြစ်စေ၊ ၎င်းတို့အနက် နည်းရာငွေကို ပြန်၍ပေးဆပ်ရမည်။

<u>ခြွင်းချက်။</u> ။သို့ရာတွင် ပုဒ်မခွဲ (၁)၊ (၂) နှင့် (၃) ပါပြဋ္ဌာန်းချက် တခုခုကြောင့် မြီရှင်အားပေးဆပ်ပြီးသည့်ငွေကို မြီစားအား ပြန်၍ပေးရန် မြီရှင်၌ တာဝန်ရှိသည်ဟူ၍သော်၎င်း၊ ဤအက်ဥပဒေကိုအတည်မပြုခဲ့ပါလျှင် မြီစားက ပေးဆပ်ရမည်ဖြစ်သည့် ကြွေးမြီထက်ပိုသောငွေကိုပေးရန် ထိုမြီစားအပေါ် တာဝန်တိုးလာသည် ဟူ၍သော်၎င်း၊ မမှတ်ယူရ။

<u>ရှင်းလင်းချက်။</u> ။တဦးတဦးဖြစ်သောမြီရှင်အားပေးရန်တာဝန်ရှိသည့်ကြွေးမြီကို ကြွေးမြီအသစ်အဖြစ်ဖြင့်၊ စာချုပ်အသစ်ချုပ်ဆိုသည့် အချက်တွင်သော်၎င်း၊ စာချုပ်အသစ်၌ ထည့်သွင်းချုပ်ဆိုသည့် အချက်တွင်သော်၎င်း၊ မြီရှင် မူလထုတ်ချေးသည့်ငွေရင်းနှင့်တကွ ငွေရင်းအဖြစ်ဖြင့်၊ နောက်ထပ် ထုတ်ချေးသည့် ငွေတရပ်ရပ်ရှိလျှင်၊ ထိုငွေများကိုသာ ဤပုဒ်မအရ၊ မြီစားပေးဆပ်ရမည့် ငွေရင်းဖြစ်သည်ဟုမှတ်ယူရမည်။

၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင်ဖြစ်စေ၊ ထိုနေ့ နောက်တွင် ဖြစ်စေ၊ တင်ရှိသည့် ကြွေးမြီများ အတွက် ပြဋ္ဌာန်းချက်။

၁၄။ ။၁၉၅၀ ပြည့်နှစ်အထူးကာလ ချည်းကမ်းသတ်နှင့်အတိုးကန့်သတ်ရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင်ဖြစ်စေ၊ ထိုနေ့ နောက်တွင်ဖြစ်စေ၊ တင်ရှိသော ကြွေးမြီများကို အဖွဲ့က အောက်ပါနည်းလမ်းအတိုင်း လျှော့ချသတ်မှတ်ရမည်။

၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မတိုင်မီ ကာလ အပိုင်းအခြား အတွက်မပေးရသေးသည့် ကျန်ရှိသောအတိုးကိုပေးရန် တာဝန် မရှိစေရ။ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ နောက် ကာလ အပိုင်း အခြား အတွက်မှာ၊ အာမခံရှိသည့် ကြွေးမြီဖြစ်

သည့် အချက်တွင် ဖြစ်စေ၊ အာမခံမရှိသည့် ကြွေးမြီဖြစ်သည့် အချက်တွင်ဖြစ်စေ၊ တနှစ်လျှင် ရာခိုင်နှုန်း ၆¾ ရိုးရိုး အတိုးဖြင့်သာ အတိုးကိုတွက်ချက်ရမည်။ ထို့ပြင်အတိုး အဖြစ်ပေးပြီးဖြစ်သည့် ငွေအားလုံးကို အတိုးအတွက်ရငွေအဖြစ်ဖြင့် စာရင်းချမှတ်ပြီးလျှင်၊ ထိုသို့တွက်ချက်၍ရသည့် အတိုး အတွက် ငွေတရပ်ရပ်ပေးဆပ်ရန်ကျန်ရှိနေကြောင်း တွေ့ရှိလျှင်၊ ထိုငွေကိုသာ ငွေရင်းနှင့်တကွ၊ သို့တည်းမဟုတ် ငွေရင်းအနက် ပေးဆပ်ရန်ကျန်ရှိသည့် အချို့အဝက်နှင့်တကွပေးဆပ်ရမည်ဟုမှတ်ယူရမည်။

ခြွင်းချက် ၁။ ။သို့ရာတွင် ကြွေးမြီအချို့အဝက်သည် ကြွေးမြီ ဟောင်းကို အသစ်အဖြစ် ပြန်လည်ပြုလုပ်ထားသော ကြွေးမြီဖြစ်ကြောင်း တွေ့ရှိလျှင် ထိုကြွေးမြီ အချို့အဝက်ကို ကြွေးမြီဟောင်း တင်ရှိသည့်နေ့မှစ၍ တင်ရှိသည်ဟူ၍ မှတ်ယူ ရမည်။ အကယ်၍ထိုကြွေးမြီသည် ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့ မတိုင်မီက တင် ရှိသည့်ကြွေးမြီဖြစ်ခဲ့ပါလျှင်၊ ထိုကြွေးမြီကို ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက် များအရ အရေးယူ ဆောင်ရွက်ရမည်။

ခြွင်းချက် ၂။ ။ထို့ပြင်လည်း ဤပုဒ်မပါ ပြဋ္ဌာန်းချက် တခုခုကြောင့် မြီရှင်အား ပေးဆပ်ပြီးဖြစ်သောငွေကို မြီစားအားပြန်၍ပေးရန်မြီရှင်၌ တာဝန်ရှိသည်ဟူ၍သော်၎င်း၊ ဤအက်ဥပဒေကို အတည်မပြုခဲ့ပါလျှင် မြီစားကပေးဆပ်ရမည့် ကြွေးမြီထက်ပိုသောငွေကိုပေးရန်မြီစားအပေါ်တာဝန်တိုးလာသည့်ဟူ၍သော်၎င်း မမှတ်ယူရ။

အငိန့်နှင့်ထိုအမိန့်၏အကျိုး သက်ရောက်ပုံ။

၁၅။ ။(၁) ကြွေးမြီလျှော့ချ သတ်မှတ်သည့် အမိန့်ကို စာဖြင့်ရေးသားရမည့်ပြင်၊ ထိုအမိန့်တွင်၊ ပုဒ်မ ၁၇ နှင့် ၁၈ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မြီရှင်တို့အား ပေးဆပ်ရမည့်ငွေပေါင်းနှင့် မည်သို့ပေးဆပ်ရမည်ကို ဖေါ်ပြရမည်။ ထိုအမိန့်ကိုဆိုင်ရာအမှုသည်တို့အား ဘတ်ပြ ရှင်းလင်း ပြောဆိုရမည့်ပြင်၊ အမှန်ဖြစ်ကြောင်းကိုလည်းအဖွဲ့ကဝန်ခံရမည်။

(၂) ပုဒ်မခွဲ (၁) အရချမှတ်သည့်အမိန့်သည်၊ ဆိုင်ရာကြွေးမြီ တင်ရှိသည့် အရပ်ရှိစီရင်ပိုင်ခွင့်အာဏာရတရားမရုံး၏ ဒီကရီဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်စေရမည့်ပြင်၊ ထိုအမိန့်ကို ထိုရုံး၏ ဒီကရီအတည်ပြုသည့် နည်းလမ်းအတိုင်း၊အတည်ပြုနိုင်စေရမည်။ ထို့ပြင် ထိုအမိန့်သည်၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၂၂ ပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲအပြီးသတ်ဖြစ်စေရမည်။

ခြွင်းချက်။ ။သို့ရာတွင် ထိုအမိန့်ကို၊ အဖွဲ့၏ခွင့်ပြုချက်မရရှိဘဲ၊ မည်သည့်ပါရေးမရုံးတွင်မျှအတည်မပြုရ။

(၃) ပုဒ်မခွဲ (၁) အရ အမိန့်ချမှတ်ပြီးနောက်၊ အဖွဲ့က ကြွေးမြီတရပ်ရပ်ကို ပုဒ်မ ၉၊ ပုဒ်မခွဲ (၃) ၏ခြွင်းချက်အရပြန်၍ဖေါ်လျှင်၊ အဖွဲ့သည်၊ အမိန့်အသစ်ချမှတ်ရမည်။

အာမခံ ပြု ထား သည့် ဝစ္စည်းများနှင့်စပ်လျဉ်း၍အမိန့်၏အကျိုးသက်ရောက်ပုံ။

၁၆။ ။မြီစား၏ပစ္စည်းတခုခုကိုအပေါင်ထားလျက်ဖြစ်စေ၊ ထိုပစ္စည်းအပေါ်တွင် ဆိုင်ရာဆိုင်ခွင့်၊ သို့တည်းမဟုတ် ရထိုက်ခွင့် တင်ရှိစေလျက်ဖြစ်စေ၊ အာမခံပြုထားသည့် ကြွေးမြီ တရပ်ရပ်နှင့်စပ်လျဉ်း၍၊ အဖွဲ့ကအမိန့်ချမှတ်လျှင်၊ ထိုအပေါင်သည်၊ သို့တည်းမဟုတ် ဆိုင်ရာဆိုင်ခွင့်သည်၊ သို့တည်းမဟုတ် ရထိုက်ခွင့်သည် ထိုအမိန့်အရ ပေးဆပ်ရမည့်ငွေနှင့်အမျှသာအတည်ဖြစ်၍၊ထိုငွေကိုအပြေပေးဆပ်သည်အထိ၊ သို့တည်းမဟုတ်ကြွေးမြီပြေသည့်အထိ ဆက်လက်အတည်ဖြစ်ရမည်။

အမိန့်အတည်ပြုခြင်း။

၁၇။ ။မြီစားတဦးသည်၊ ပေးဆပ်ရန်တာဝန်ရှိသောငွေများကို၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၁) အရ အဖွဲ့ကချမှတ်သည့်အမိန့်အတိုင်း လိုက်နာပေးဆပ်ရမည်။ ပေးဆပ်ရန်ပျက်ကွက်လျှင်၊ မြီရှင်၏လျှောက်ထားချက်အရ၊ ထိုအမိန့်ကို၊ တရားမရုံး၌ အတည်ပြုစေရန် မြီရှင်အားအဖွဲ့က ခွင့်ပြုနိုင်သည်။

သို့ရာတွင်၊ ဤအက်ဥပဒေအာဏာမတည်မီက တင်ရှိပြီး ဤအက်ဥပဒေ အရ လျှော့ချသတ်မှတ်ထားသည့်ကြွေးမြီကို၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ မတိုင်မီ ပေးဆပ်ရန်မြီစား၌တာဝန်မရှိစေရ။

မြီစား အရပ်သော်၎င်း၊ ရာ ထူး သော် ၎င်း၊ ရွှေ့ပြောင်းသွား သော်လည်း၊ သို့ တည်း မဟုတ် ရာထူးတွင် ဆက်လက် အမှုထမ်းရွက်ခြင်းမှတနည်းနည်း ရပ်စဲ သွားသော်လည်း၊ အဖွဲ့က အက် ဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ခြင်း။

၁၈။ ။ပုဒ်မ ၄ အရ လျှောက်လွှာတင်သွင်းသည့် မြီစားတဦးသည် ထိုသို့တင်သွင်းပြီးနောက် မည်သည့်အချိန်အခါမဆို မိမိအမှုထမ်းနေသည့် အရပ်မှအခြားအရပ်သို့ဖြစ်စေ၊ မိမိအမှုထမ်းနေသည့် ရာထူးမှအခြားရာထူးသို့ဖြစ်စေ၊ ရွှေ့ပြောင်းလျှင်သော်၎င်း၊ အကြောင်းတခုခုကြောင့် ရာထူးတွင် ထမ်းရွက်ခြင်းမှ ရပ်စဲသွားလျှင်သော်၎င်း၊ အဖွဲ့သည် ထိုမြီစား အမှုထမ်းနေသည့်အရပ်မှ၊ သို့တည်းမဟုတ် ရာထူးမှ မရွှေ့မပြောင်းဘဲသကဲ့သို့ဖြစ်စေ၊ ထိုရာထူးတွင်ထမ်းရွက်ခြင်းမှ မရပ်စဲဘဲသကဲ့သို့ဖြစ်စေ၊ ကြွေးမြီလျှော့ချ သတ်မှတ်ရန်မှုခင်းကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်နိုင်စေရမည်။

တရားစွဲဆိုခြင်းကို တားမြစ်ခြင်း။

၁၉။ ။မည်သည့်တရားရုံးကမျှ၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍၊ တရားစွဲဆိုမှုကို၊ သို့တည်းမဟုတ် ဒီကရီပြုရန် လျှောက်လွှာကို လက်မခံရ။

(က) အဖွဲ့ရှေ့မပြီးပြတ်သေးဘဲရှိနေသောကိစ္စ၊ သို့တည်းမဟုတ်

(ခ) ဤအက်ဥပဒေအရ ဆောင်ရွက်သည့် နည်းလမ်းတခုခု ခိုင်လုံခြင်းရှိသည်မရှိသည်၊ သို့တည်းမဟုတ် ချမှတ်သည့်အမိန့်တခုခုတရားဥပဒေနှင့်ညီသည် မညီသည် ဟူသောကိစ္စ၊ သို့တည်းမဟုတ်

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၁) အရ၊ ချမှတ်သည့်အမိန့်အရ၊ ပေးဆပ်ရမည့် ကြွေးမြီတရပ်ရပ်ကို ပုဒ်မ ၁၇ အရ၊ အဖွဲ့က ခွင့်မပြုဘဲ အရတောင်းခံရန်ကိစ္စ၊ သို့တည်းမဟုတ်

(ဃ) ပုဒ်မ ၉၊ ပုဒ်မခွဲ (၃) အရ နည်းလမ်းတကျအပြေပေးဆပ်ပြီးဖြစ်သည်ဟု မှတ်ယူမြီးသောကြွေးမြီတရပ်ရပ်ကို အရကောင်းခံရန်ကိစ္စ။

မြို့စားပိုင် ပစ္စည်း လွှဲပြောင်း ခြင်း အ ချို့ ပျက်ပြယ်ခြင်း။

၂၀။ ။ပုဒ်မ ၄ အရအဖွဲ့ထံလျှောက်လွှာမတင်သွင်းမီဖြစ်စေ၊ တင်သွင်းပြီးနောက်ဖြစ်စေ၊ ထိုလျှောက်လွှာနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၁) အရချမှတ်သည့်အမိန့် အတည်ဖြစ်ခြင်းမှ မရပ်စဲသမျှကာလပတ်လုံး၊ မြို့စား၏မြို့ရှင်များအား အကျိုးနစ်နာစေရန်၊ သို့တည်းမဟုတ် နှောင့်နှေးကြန့်ကြာစေရန် ရည်ရွယ်ချက်ဖြင့်ပြုလုပ်သော ပစ္စည်းလွှဲပြောင်းမှုအသီးသီးကို ပျက်ပြယ်စေရန် ထိုသို့အကျိုးနစ်နာခြင်းခံရသည့်၊ သို့တည်းမဟုတ် နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်ခြင်းခံရသည့် မြို့ရှင်တဦးဦးကလျှောက်ထားလျှင် အဖွဲ့ကထိုလွှဲပြောင်းမှုသည် ပျက်ပြယ်ရမည်ဟု အမိန့်ချမှတ်နိုင်တည်။

အယူခံမှု အတွက် ဖြစ်စေ၊ ပြင်ဆင်မှုအတွက် ဖြစ်စေ၊ လျှောက်ထားခြင်းကို ပိတ်ပင်ခြင်း။

၂၁။ ။အဖွဲ့ကချမှတ်သည့် အမိန့်တခုခုနှင့်စပ်လျဉ်း၍၊ အယူခံမှုအတွက်ဖြစ်စေ၊ ပြင်ဆင်မှုအတွက်ဖြစ်စေ၊ လျှောက်ထားပိုင်ခွင့်မရှိစေရ။

ခြွင်းချက်။ ။သို့ရာတွင်နိုင်ငံတော်သမတသည် အဖွဲ့၏အမှုတွဲကို တောင်းယူနိုင်သည်။ သို့တည်းမဟုတ် အဖွဲ့ကချမှတ်သည့် အမိန့်သည် တရား ဥပဒေနှင့် မညီဟု၊ သို့တည်းမဟုတ် လွဲချော်မှားယွင်းသည်ဟု နိုင်ငံတော်သမတကယူဆလျှင် ထိုအမိန့်ကို ပြောင်းလဲနိုင်သည်။

အဖွဲ့ကအမိန့်ကို ပြန်လည် စစ်ဆေးကြည့်ရှုခြင်း။

၂၂။ ။အဖွဲ့သည်မိမိအမိန့်ချမှတ်သည့်နေ့မှရက်ပေါင်း ၃၀ အတွင်းမြို့စားကဖြစ်စေ၊ မြို့ရှင်ကဖြစ်စေ၊ လျှောက်သည့်အခါ သော်၎င်း၊ အဖွဲ့၏သဘောအရသော်၎င်း၊ မည်သည့်အခါမဆိုမိမိချမှတ်သည့်အမိန့်ကို ပြန်လည်စစ်ဆေး ကြည့်ရှုနိုင်သည့်ပြင်၊ ထိုအမိန့်ကို ရည်ညွှန်းလျက် အခြားအမိန့်တခုခုကိုလည်း မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်းချမှတ်နိုင်သည့်။

ခြွင်းချက်။ ။သို့ရာတွင်အကျိုးသက်ဆိုင်သူအားလုံးတို့အား လာရောက်ချေပကြရန် နို့တစ်စာမပေးဘဲ၊ မည်သည့်အမိန့်ကိုမျှ ပြောင်းလဲခြင်းဖြစ်စေ၊ ပယ်ဖျက်ခြင်းဖြစ်စေ၊ မပြုရ။

အမှုသည်အား၊ ကိုယ်စားလှယ်အား၊ သို့တည်းမဟုတ် ရှေ့နေအား အဖွဲ့ရှေ့ လာရောက်ခွင့်ပြုခြင်း။

၂၃။ ။အဖွဲ့က စစ်ဆေးစီရင်သည့် မှုခင်းတခုခုတွင် မည်သည့်အမှုသည်မဆို ကိုယ်တိုင်လာရောက်နိုင်သည်၊ သို့တည်းမဟုတ်မိမိကိုယ်စားဆောင်ရွက်ရန် အခွင့်အရေး လွှဲအပ်ထားသော ကိုယ်စားလှယ်အား၊ သို့တည်းမဟုတ် ရှေ့နေအားလာရောက်နိုင်စေသည်။

တရားရုံးသို့ ကြွေးမြီနှင့် စပ်လျဉ်းသည့် ငွေပေးသွင်းခြင်း။

၂၄။ ။(၁) အဖွဲ့ကချမှတ်သည့်အမိန့်အရ၊ မြီစားကမြီရှင်သို့ ပေးဆပ်ရန်ရှိသည့်ငွေအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ မည်သည့်အချိန်အခါ၌မဆို၊ မြီစားကစီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးသို့ ပေးသွင်းနိုင်သည်။

(၂) ထိုသို့ပေးသွင်းသည့်အခါ တရားရုံးသည် ငွေပေးသွင်းကြောင်းနို့တစ်စာကို မြီရှင်အားထုတ်ဆင့်ရမည်။

(၃) မြီရှင်သည် ပုဒ်မခွဲ (၂) အရ မိမိထံ နို့တစ်စာထုတ်ဆင့်သည့်နေ့ရက်နောက်သုံးနှစ်အတွင်း ထိုသို့ပေးသွင်းသည့်ငွေကို မိမိအားပေးရန် လျှောက်ထားနိုင်သည်။

(၄) ပုဒ်မခွဲ (၃) တွင်ဖော်ပြထားသည့် အချိန်ကာလအတွင်း လျှောက်ထားခြင်းမရှိက၊ ထိုသို့ပေးသွင်းထားသည့်ငွေကို ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း စီမံခန့်ခွဲရမည်။

(၅) ပုဒ်မခွဲ (၃) အရ၊ တင်သွင်းသူ လျှောက်လွှာကို ရရှိသောအခါ၊ တရားရုံးသည် ထိုသို့ပေးသွင်းထားသည့်ငွေကို၊ မိမိကသတ်မှတ်ထားသည့် စည်းကမ်းချက်များရှိပါက၊ ထိုစည်းကမ်းချက်များအတိုင်း လျှောက်ထားသူအားပေးရန် အမိန့်ချမှတ်နိုင်သည်။

(၆) ပုဒ်မခွဲ (၁) အရ ငွေပေးသွင်းသည့်အခါ၊ မြီရှင်ကထိုသို့ပေးသွင်းသမျှငွေကို ပေးသွင်းသည့်နေ့ရက်၌ပင် လက်ခံရရှိဘိသကဲ့သို့ ထိုသို့ပေးသွင်းခြင်းသည် အကျိုးသက်ရောက်ရမည်။

မပြီးမပြတ်ဘဲရှိနေသော တရားမမှုကို၊ သို့တည်းမဟုတ် အမှုအခင်းကို ရပ်ဆိုင်းထားခြင်း။

၂၅။ ။ပုဒ်မ ၄ အရအဖွဲ့ထံ ကြွေးမြီဆုံးဖြတ်ပေးရန်လျှောက်ထားတင်သွင်းထားသည့် ကြွေးမြီနှင့်စပ်လျဉ်း၍၊ တရားမ ရုံး တရုံး တွင် ထိုအချိန်၌ မပြီးမပြတ်ဘဲရှိနေသည့် တရားမမှုကို၊ သို့တည်းမဟုတ် အယူခံမှုကို၊ သို့တည်းမဟုတ် အခြားမှုခင်းမည်သည့်ကိုမဆို အဖွဲ့က ထိုလျှောက်လွှာကို ပယ်ချခြင်း၊ သို့တည်းမဟုတ်ပလပ်ခြင်း မပြုမခြင်း ရပ်ဆိုင်းထားရမည်။

စည်းကမ်းသတ်ကာလအတွက် အချိန် ပို၍ ခွင့် ပြုခြင်း။

၂၆။ ။ဤအက်ဥပဒေအရမှုခင်းတခုခုဖြစ်ပွါးရင်းကြွေးမြီကိုအရတောင်းခံရန်အလို့ငှါ၊ တရားမရုံးတရုံးတွင်စွဲဆိုသည့်တရားမမှု၊ သို့တည်းမဟုတ် ထိုရုံး၌ရောက်သည့် မှုခင်း တ စုံ တ ခု ခု အ တွက် စည်းကမ်းသတ် ကာလအပိုင်းအခြားကို တွက်ချက်ရာ၌ ကြွေးမြီလျှော့ချသတ်မှတ်ရန် မှုခင်းဆက်လက် ဖြစ်နေသည့် အချိန်ကာလနှင့် အဖွဲ့၏အမိန့် မိတ္တူမှန်ရယူရာတွင် ကြာမြင့်သော အချိန်ကာလကို ပယ်ရမည်။

ကြွေးမြီမပေးဆပ်သည့်အတွက် မြီစား၏ အခြေခံလစာကို မည်သည့် မည်မျှ ထက် ပို၍ ဝရမ်းစွဲကပ်ခွင့် မပြုခြင်း။

၂၇။ ။(၁) အခြား တည်ဆဲ တရားဥပဒေတခုခုတွင် မည်သို့ပင် ဆန့်ကျင်လျက်ပါရှိစေကာမူ၊ အဖွဲ့ကချမှတ်သည့်အမိန့် တခုခုကို စီရင်ပိုင်ခွင့် အာဏာရှိသော တရားရုံးတရုံးက အတည်ပြုသည့်အခါ၊ ထိုအမိန့်အရ ပေးရမည့်ငွေကိုပေးဆပ်ရန် ပျက်ကွက်သည့် မည်သည့်မြီစား၏ ကြွေးမြီအရပ်ရပ် အတွက်ကိုမျှ ထိုမြီစား၏ အခြေခံလစာသည် တဆယ့်နှစ်ပုံတပုံထက်ပို၍ ဝရမ်းစွဲခြင်းမခံထိုက်စေရ။

(၂) ပုဒ်မခွဲ (၁) အရ ဝါရမ်းစွဲခြင်းခံရသည့် ထိုမြို့စားၵ၏အခြေခံ လစာ၏ အစိတ်အပိုင်းကိုလည်း တရားရုံးကတရားမကျင့်ထုံးဥပဒေပုဒ်မ ၇၃ အရ မြီရှင်များအား ခွဲခြမ်းအချိုးကျခွဲဝေပေးသည့်အမိန့်ကိုချမှတ်နိုင်သည်။

၂၀။ ။အဖွဲ့ဝင်များကို ရာဇသတ်ကြီးပုဒ်မ ၂၁ ၏အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟုမှတ်ယူရမည်။

အဖွဲ့ဝင်များကိုပြည်သူ့ဝန်ထမ်းများဟု မှတ်ယူရခြင်း။

၂၉။ ။ဤအက်ဥပဒေအရသဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ အဖွဲ့ဝင် တဦးဦးအား၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။

ကင်းလွတ်ခွင့်။

၃၀။ ။(၁) နိုင်ငံတော် သမတသည် ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများကိုပြုနိုင်သည်။

(၂) အထူးအားဖြင့် အထက်ဖော်ပြပါ အာဏာ၏ ယေဘုယျ သဘောကို မထိခိုက်စေဘဲ၊ ထိုနည်းဥပဒေများသည် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

နည်းဥပဒေပြုနိုင်သည့် အာဏာ။

(က) အဖွဲ့ဝင်များ၏ရာထူးသက်တမ်း၊ အဖွဲ့အစည်းအဝေးအထမြောက်အောင် လိုအပ်သည့် အဖွဲ့ဝင်ဦးရေနှင့် အမှုအခင်း ကြားနာစစ်ဆေးရာတွင် အဖွဲ့ကလိုက်နာရမည့်နည်းလမ်း။

(ခ) နို့တစ်စာများကို ပုဒ်မ ၉၊ ပုဒ်မခွဲ (၂) အရ ထုတ်ဆင့်ချအပ်၊ သို့တည်းမဟုတ် ထုတ်ပြန်ကျေညာရမည့်နည်းလမ်း။

(ဂ) ဤအက်ဥပဒေအရ ပြုလုပ်ဆောင်ရွက်ရသည့် ကိစ္စတခုခုအတွက် အဖွဲ့က တောင်းဆိုရမည့် စရိတ်များနှင့် ထိုစရိတ်များကို ပေးဆောင်ရမည့်သူများနှင့် ပေးဆောင်ရမည့်နည်းလမ်း။

(ဃ) အဖွဲ့ကထားရှိရမည့် မှတ်တမ်းများနှင့် ပြုလုပ်ရမည့် အစီရင်ခံစာရင်းများ။

(င) အစိုးရအရာရှိ မဟုတ်သော အဖွဲ့ဝင်များအား ဖြစ်စေ၊ အဖွဲ့အသီးသီးကခိုင်းစေသည့်ရာထမ်း မှုထမ်းများရှိလျှင်၊ ထိုရာထမ်းမှုထမ်းများအားဖြစ်စေ၊ ပေးရန်ရှိသည့်စရိတ်ကြေးငွေများ။

(စ) ပုဒ်မ ၁၂ အရ အမှုသည်များနှင့် သက်သေများသို့ ဆင့်ခေါ်ရန် အဖွဲ့၏အာဏာများနှင့် သက်သေများအား စရိတ်များပေးခြင်း။

(ဆ) ပုဒ်မ ၂၄ အရပေးသွင်းထားသော ငွေကို စီမံခန့်ခွဲရမည့်နည်းလမ်း။

ပ၊မ၊ပ၊စ၊—အမှတ် ၆၅၊ တရားရေးဝန်ကြီးဌာန၊ ၁၄-၃-၅၀—၂,၂၀၀—၂။